# သွားများအကြောင်း အမြဲစဉ်းစားပါ

## သွားများအကြောင်း အမြဲစဉ်းစားပါ



### စကတည်းကိုက သင့်ကလေး သွားများ ကျန်းမာစေဖို့ ဂရုစိုက်ပါ။ လွယ်လွယ်လေးပါ!

- ကလေးသွားများကို နေ့စဉ် နှစ်ကြိမ် ညင်သာစွာ တိုက်ပေးပါ။ ဖလူအိုရိုက်ပါတဲ့ သွားတိုက်ဆေး နည်းနည်းလေး  သုံးပါ။
- ကလေးရဲ့ ပထမမွေးနေ့မတိုင်မီ သွားကုဆရာဝန်အား ပြပေးပါ။ အကြံပြုချက်နှင့်အညီ ဆက်ပြီး မှန်မှန်ပြပေးပါ။
- သွားပိုးစားခြင်းမှာ ဘက်တီးရီးယားကြောင့်ပါ။ သင့်ကလေးဟာ ဘက်တီးရီးယားကို သင့်ထံမှ ‘‘ကူးစက်’’နိုင်တယ်။
  - သင့် သွားနှင့်ခံတွင်းကို ကျန်းမာအောင် ထားရှိပါ။
  - ခွက်များ သို့မဟုတ် ဇွန်းများကို ပေးမသုံးပါနှင့်။
- ပုလင်းများ သို့မဟုတ် သောက်ရန်ခွက်များထဲသို့ ရေ၊ နွားနို့ သို့မဟုတ် ဖော်မြူလာကိုသာ ထည့်ပေးပါ။
- သင့်ကလေးကို ပုလင်း သို့မဟုတ် သောက်ရန်ခွက်နှင့်အတူ ပေးမအိပ်ပါနှင့်။
- ချိုရည်များနှင့် သကြားပါတဲ့ သောက်စရာများ၊ သစ်သီးရည် အပါအဝင်ကို ကန့်သတ်ပါ။

Medicaid နှင့် ကလေး ကျန်းမာရေး အာမခံ အစီအစဉ် (CHIP) က သွားကို သန့်ရှင်းပေးခြင်း၊ စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ ဖလူအိုရိုက်၊ သွားဖုံးဆေးများနှင့် သွားဖါပေးမှုများ ကဲ့သို့သော သွားဆိုင်ရာ ဝန်ဆောင်မှုများကို ကျခံပေးပါတယ်။ သင့်ကလေးဟာ ခံစားခွင့် ရှိနိုင်ပါတယ်!

သင့်ကလေးကို စာရင်းသွင်းရန်၊ **1-877-KIDS-NOW (543-7699)** ခေါ်ဆိုပါ သို့မဟုတ် **InsureKidsNow.gov** မှာ ဝင်ကြည့်ပါ။ အာမခံ ရှိထားပြီလား? **InsureKidsNow.gov** ရှိ သွားကုဆရာဝန် တည်နေရာကို အသုံးပြုပြီး အနီးဆုံး သွားကုဆရာဝန်ကို ရှာယူကာ ရက်ချိန်းရယူရန် ယနေ့မှာကို ဖုန်းခေါ်ဆိုပါ။

InsureKidsNow.gov

Paid for by the U.S. Department of Health & Human Services

CMS Product No. 11666-BU
January 2023